FIRST NATIONAL LIFE INSURANCE CO., LTD.

FNILife

# အထူးခရီးသွားအာမခံ

အဝေးပြေးအမြန်လမ်းကြီးပေါ်တွင် မော်တော်ယာဉ်များအသုံးပြု၍ ခရီးသွားကြသောခရီးသည်များအတွက် ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် ဒဏ်ရာရခြင်းနှင့်သေဆုံးခြင်းများအတွက် လျော်ကြေးအထောက်အပံ့ရရှိနိုင်သည့် အာမခံအမျိုးအစား ဖြစ်ပါသည်။

**အာမခံထားငွေ** – (၁)ယူနစ်လျှင် ကျပ်သိန်း(၃၀) (၂ ယူနစ်အထိဝယ်ယူနိုင်ပါသည်။)

**အာမခံသက်တမ်း** – ခရီးစဉ်စတင်ချိန် မှ(၂၄)နာရီ

**အထူးခရီးသွားအာမခံထားခြင်းအားဖြင့် ရရှိနိုင်သောအကျိုးခံစားခွင့်များမှာ**

(၁) အာမခံထားငွေ(၁)ယူနစ်အတွက် ပရီမီယံကျပ်(၃၀၀) ပေးသွင်းထားသော ခရီးသည်တစ်ဦးသေဆုံးခြင်းဖြစ်ခဲ့လျှင် ၎င်း၏အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူထံသို့ ကျပ်သိန်း(၃၀) ပြန်လည်ထုတ်ပေးပါမည်။

(၂) ထိခိုက်ဒဏ်ရာရခြင်းအတွက် ဒဏ်ရာအခြေအနေပေါ်မူတည်၍ သတ်မှတ်ထားသော နှုန်းများအလိုက် အမြင့်ဆုံး (၂၄)သိန်း အထိ လျော်ကြေးခံစားခွင့် ရရှိပါမည်။

**အထူးခရီးသွားအာမခံထားရန်လိုအပ်ချက်များမှာ**

**အဝေးပြေးယာဉ်လိုင်းများ** – ယာဉ်အမှတ်၊ Seat Plan နှင့် လူဦးရေစာရင်း၊ အမည်စာရင်းနှင့် မှတ်ပုံတင် နံပါတ်များ၊ သွားရောက်မည့်ခရီးစဉ်နှင့်ထွက်ခွာချိန်

**ကိုယ်ပိုင်ယာဉ်များ** – ယာဉ်အမှတ်၊ လိုက်ပါမည့်သူစာရင်းနှင့် မှတ်ပုံတင်အမှတ်များ၊ အကျိုးခံစားခွင့်လွှဲအပ်ခြင်းခံရသူအမည်နှင့် မှတ်ပုံတင်အမှတ်၊သွားရောက်မည့် ခရီးစဉ်နှင့် ထွက်ခွာချိန်

ခရီးစဉ်အစမှအဆုံးထိ လိုက်ပါသောခရီးသည်များ ယာဉ်စီးနင်းလိုက်ပါစဉ် ယာဉ်ထိခိုက်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများအတွက်သာ လျော်ကြေးအထောက်အပံ့ ရရှိပါမည်။

**လျော်ကြေးတောင်းခံရာတွင် လိုအပ်သောအချက်များ**

**ဒဏ်ရာရလျှင်**
- သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ထောက်ခံချက်
- ဖြစ်ပွားရာဒေသမှ ပြည်သူ့ရဲတပ်ဖွဲ့ထောက်ခံချက်
- တောင်းခံသူ(ကာယကံရှင်ကိုယ်တိုင်)၏နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူမှန်
- ခရီးသွားအာမခံထားရှိကြောင်းအထောက်အထား

**သေဆုံးလျှင်**
- သေစာရင်းမိတ္တူမှန်
- သေဆုံးသူနှင့်အကျိုးခံစားခွင့်တောင်းခံသူတို့ပါဝင်သည့် အိမ်ထောင်စုစာရင်းမိတ္တူမှန်
- တောင်းခံသူသည် သေဆုံးသူ၏အကျိုးခံစားခွင့်ရှိသူမှန်ကန်ကြောင်း နေထိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း၏ထောက်ခံချက်

**အာမခံထားရှိလိုပါက**

FNI ရုံးချုပ်နှင့်ရုံးခွဲများသို့လည်းကောင်း၊ FNI နှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသောအာမခံကိုယ်စားလှယ်များသို့ လည်းကောင်းဆက်သွယ်၍အာမခံထားရှိနိုင်ပါသည်။

: customerservices@fnilife.com, marketing@fnilife.com : www.fnilife.com
: Building A/9, Than Thu Mar Road, (24) Quarter, Thingangyun Township, Yangon, Myanmar.11071
: Hot Line// 09-269843974, 01-570521,01-570998, Fax : 570298

လျော်ကြေးကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက FNI Life သို့ ချက်ချင်းအကြောင်းကြားရမည်။